# ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ မှ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများကို မြန်မာစစ်အာဏာရှင် အစိုးရထံသို့ လွှဲပြောင်းပေးခြင်းနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံအရပ်ဖက်အဖွဲ့အစည်းပေါင်း ၄၆ ဖွဲ့ ၏ သတင်းထုတ်ပြန်ချက်

မြန်မာစစ်အာဏာရှင်သည် စစ်အာဏာသိမ်းမှုမှတဆင့် ဒီမိုကရေစီနည်းကျကျ ရွေးကောက်တင်မြှောက်ခံ ထားသည့် အစိုးရကို ပြိုကွဲစေရန်နှင့် ၎င်းတို့၏ အင်အားကြီးမားရန် ဆောင်ရွက်ခဲ့သည်။ ထိုအာဏာသိမ်းမှုသည် မြန်မာပြည်သူများ၏ မူရင်းဖြစ်သော အမြင့်ဆုံး/ အချုပ်အခြာအာဏာကို ပြန်နှုတ်မှု ဖြစ်ပေါ်စေသည်။ ဒီမိုကရေစီ နည်းကျပြည်သူများမှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားပြုသူများ ပါဝင်သည့်အမျိုးသားညီညွတ်ရေး အစိုးရ (National Unity Government - NUG) သာလျှင် မြန်မာနိုင်ငံ၏ ဥပဒေအရ တရားဝင်သည့် အစိုးရ ဖြစ်သင့်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အချက်အလက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ ရွေးကောက်ခံ ပြည်သူ့အစိုးရထံမှ အာဏာသိမ်းပြီး နောက်ပိုင်းမှစ၍ ၂၀၂၃ခုနှစ် ဧပြီလ ၁၀ ရက်နေ့ အထိ လူဦးရေ ၂၁၃၀၀ ဦး ဖမ်းဆီးခံရပြီး ၃၂၂၉ ဦးထက်ပိုသော လူဦးရေပမာဏ သတ်ဖြတ်ခံရပြီး ဖြစ်ပါသည်။

မြန်မာပြည်သူများအနေဖြင့် မြန်မာစစ်အာဏာရှင်အစိုးရ၏ အာဏာသိမ်းမှုကို ဆန့်ကျင်ရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၅ ရက်နေ့ တွင် ထိုင်းလူဝင်မှုကြီးကြပ်ရေးဗျူရိုမှ မြန်မာစစ်အာဏာရှင်အစိုးရ၏ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဝင် သုံးဦးကို ဖမ်းဆီးပြီး ထိုင်း-မြန်မာနယ်စပ်ရှိ စစ်ဆေးရေးဂိတ်တွင် နယ်ခြားစောင့်တပ် (BGF) ထံသို့ လွှဲပြောင်းခဲ့သည်ဟု သတင်းဌာနအမျိုးမျိုးမှ တင်ပြခဲ့ကြသည်။ ယခုအခါတွင် အဆိုပါသုံးဦးအား မြန်မာစစ်အာဏာရှင် အစိုးရ၏ ထိန်းသိမ်းမှုအောက်သို့ လွှဲပြောင်းခဲ့သည်ဟု သိရသည်။

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် သုံးဦးဖြစ်သည့် ကိုသီဟ (၃၈ နှစ်)၊ ကိုထက်နေဝင်း (၃၁ နှစ်) နှင့် စောဖြိုးလေး (၂၆ နှစ်)တို့သည် ကျန်းမာရေးကုသမှုခံယူရန်အတွက် မဲဆောက်မြို့နယ်သို့ သွားရောက်စဉ် စစ်ဆေးရေးဂိတ်တွင် လူဝင်မှုကြီးကြပ်ရေးအရာရှိများ၏ ကြားဖြတ်ဖမ်းယူခြင်းကို ခံခဲ့ရခြင်း ဖြစ်သည်။ ထို့နောက် ထိုဖမ်းဆီးခံရသူများကို တက်ခရိုင် မဲဆောက်မြို့ မှသောင်ရင်းမြစ်ကို ဖြတ်ကျော်သည့် အင်ကြင်းမြိုင် နယ်စပ် အနီးရှိ နယ်ခြားစောင့်တပ် (BGF) ထံသို့ လွှဲပြောင်းခံခဲ့ရသည်။

ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်၍ လူမဆန်သည့် သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ် ပေးမှုတို့ကို တားမြစ်ဆန့်ကျင်သည့် ကုလသမဂ္ဂ သဘောတူစာချုပ် (UN Convention against Torture and other Cruel, Inhuman or Degrading Treatment or Punishment - UNCAT) နှင့်အညီ ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလ ၂၂ ရက်နေ့ ၂၀၂၃ မှစ၍ အာဏာသက်ရောက်သည့် ညှဉ်းပန်းနှိပ်စက်မှု နှင့် လက်စဖျောက်ခံရမှုတို့ကို တားဆီးနှိမ်နင်းရေးနှင့် အကာအကွယ်ပေးရေး အက်ဥပဒေ ၂၀၂၂ (Prevention and Suppression of Torture and Enforced

Disappearance Act, B.E 2565) ကိုပြဋ္ဌာန်း ခဲ့ပြီး ယင်းဥပဒေ၏ပုဒ်မ ၁၃ ကို ထိုင်းအာဏာပိုင်များအနေဖြင့် ကောင်းစွာ နားလည်သိရှိထားသော်လည်း မြန်မာ စစ်တပ်၏ အမိန့်ပေးမှုအောက်ရှိ နယ်ခြားစောင့်တပ် (BGF) သို့ ထိုင်းနိုင်ငံအတွင်း ဆေးကုသမှု ခံယူရန် လာရောက်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အဖွဲ့ဝင် သုံးဦးအား ဖမ်းဆီး၍ လွှဲပြောင်းခြင်းကို တရားဝင်လတ်မှတ်ရေးထိုးထားသည့် အရပ်ဖက်အဖွဲ့အစည်းများမှ တွေ့ရှိခဲ့ရသည်။ ထိုဥပဒေ ပုဒ်မ ၁၃ အရ "မည်သည့်အစိုးရအဖွဲ့အစည်း သို့မဟုတ် အစိုးရအာဏာပိုင်မဆိုသည် လွှဲပြောင်းအပ်နှံပြီးနောက် လူမဆန်ရက်စက်စွာ သို့မဟုတ် ကိုယ်လက်အင်္ဂါ ဆုံးရှုံးပျက်စီးရသည်အထိ နှိပ်စက်ညှဉ်းပန်းခံရရန် သို့မဟုတ် လက်စဖျောက် ဖမ်းဆီးထိန်းသိမ်းခံ ထားရနိုင်ရန် အလားအလာရှိသည်ဟု ယုံကြည်ရန် အကြောင်းရှိပါက မည်သူ့ကိုမှ နိုင်ငံခြားတိုင်းပြည်သို့ နှင်ထုတ်ခြင်း၊ ပြန်လွှတ်ခြင်း (အားသုံး၍ ပြန်ပို့ခြင်း)၊ လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း မပြုရ။" ဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ ထိုင်းနိုင်ငံအနေဖြင့် စံတင်လောက်အောင် လူမဆန်သည့်ပြစ်မှုများအား ကျူးလွန် နေသည့် မြန်မာစစ်အာဏာရှင် အစိုးရကို ခုခံတွန်းလှန်ရန်အလို့ငှာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်း ထားခြင်းကို သိရှိထားသင့်သည်။ ထို့ကြောင့် ဤဖြစ်ရပ်သည် ထိုင်းအာဏာပိုင်များမှ နေရပ်အတင်းအကျပ် ပြန်မပို့သည် (Non-Refoulement)နှင့် သက်ဆိုင်သော နိုင်ငံတကာဥပဒေအား အဆင်အခြင်မဲ့စွာ ဖောက်ဖျက် ကျူးလွန်ခြင်းဖြစ်သည်။

ထို့အပြင် ဤလုပ်ရပ်သည် တိုက်ပွဲအတွင်း စစ်သုံ့ပန်းများအား ခွဲခြားဆက်ဆံခြင်း၊ လက်စားချေခြင်းနှင့် ဆေးကုသခွင့်ပေးခြင်းမရှိပဲ လူသားချင်းစာနာထောက်ထားမှုကို အခြေပြုပြီး ဆက်ဆံခံရစေရန်အတွက် အရေးပါသည့် တတိယ ဂျီနီဗာကွန်ဗင်းရှင်း၏ အပိုဒ် ၁၃ မှ ၁၆ တွင်ပါဝင်သည့် စစ်ရာဇဝင်မှုကျူးလွန်ခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူအတွက် ဆေးကုသခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို ငြင်းဆိုပိတ်ပင်ခြင်း သဘော သက်ရောက်သည်။ ထို့ကြောင့် ဤဖြစ်ရပ်တွင် ထိုင်းအာဏာပိုင်များ၏ လုပ်ရပ်အနေဖြင့် စစ်ရာဇဝတ်မှု ကျူးလွန်သော မြန်မာစစ်အာဏာရှင်အစိုးရကို ထင်ရှားစွာ ကူညီထောက်ပံ့သည့်သဘော သက်ရောက်ပေသည်။

ထို့ကြောင့် ထိုင်းအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အဆိုပါလုပ်ရပ်ကို ရှုတ်ချပြီး ထိုင်းအာဏာပိုင်များကို အဆိုပါလုပ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်။

၁။ ထိုင်းနိုင်ငံအနေဖြင့် “ညှဉ်းပန်းနှိပ်စက်မှု နှင့် လက်စဖျောက်ခံရမှုတို့ကို တားဆီးနှိမ်နင်းရေးနှင့် အကာအကွယ်ပေးရေး အက်ဥပဒေ ၂၀၂၂ (Prevention and Suppression of Torture and Enforced Disappearance Act, B.E 2565)” ကို အာဏာသက်ရောက်စေရန် ချက်ချင်း ထိရောက်စွာ အကောင်အထည် ဖော်ရန် အာမခံရမည်ဖြစ်ပြီး ထိုင်းနိုင်ငံတွင်းသို့ ဝင်ရောက်ခိုလှုံလျက်ရှိကာ မိမိနိုင်ငံသို့ ပြန်လည် ပို့ဆောင်ခြင်း ခံရပါက ဖမ်းဆီးချုပ်နှောင်ခံရခြင်း၊ လူသားမဆန်စွာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခံရခြင်းနှင့် အတင်းအကြပ် ပျောက်ကွယ်စေခြင်းတို့ ပြုလုပ်ခံရနိုင်သည့် သူတို့အား အဆိုပါ နိုင်ငံသို့ ပြန်လည်နှင်ထုတ်ခြင်း၊ အတင်းအကြပ် ရွှေ့ပြောင်းခြင်းနှင့်

လွှဲပြောင်းပေးအပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်းနှင့် မြန်မာစစ်အစိုးရကို ဆန့်ကျင်တော်လှန်လျက်ရှိကြသော ပြည်သူ့ကာကွယ်ရေး အင်အားစုများနှင့် မြန်မာစစ်တပ်၏ အာဏာသိမ်းမှုကို ဆန့်ကျင်လျက်ရှိသော တက်ကြွလှုပ်ရှားသူများကို မူလနိုင်ငံ ဖြစ်သည့် မြန်မာနိုင်ငံသို့ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းကိုလည်း ရှောင်ကြဉ်မည်ဟူသော ပြဌာန်းချက်များကို သေချာစေ သင့်ပါသည်။

၂။ ထိုင်းနိုင်ငံတွင်းသို့ မိမိတို့၏ မူလနိုင်ငံမှ ညဉ်းပန်းနှိပ်စက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာရပြီး မိမိတို့၏ မူလနိုင်ငံတွင်းသို့ ပြန်လည်မသွားရောက်နိုင်သူတို့ကို ဝန်ကြီးချုပ်ရုံးမှ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပြီး စိစစ်အကာအကွယ်ပေးရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သင့်သည်။

၃။ ထိုင်းနိုင်ငံအနေဖြင့် မိမိနိုင်ငံတွင်းသို့ ဝင်ရောက်လာသော ဒုက္ခသည်များ ( Refugees ) နှင့် နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ ( Asylum-seekers ) များကို ၎င်းတို့၏ မူလနိုင်ငံသို့ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းသည် ထိုသူတို့၏ အသက်အန္တရာယ်နှင့် လွတ်လပ်ခွင့်ကို ခြိမ်းခြောက်နိုင်သည့်အတွက် ထိုကဲ့သို့သော ချက်ချင်း ပြန်လည်ပို့ဆောင်မှုမျိုးကို တားမြစ်သည့် နေရပ်အတင်းအကျပ် ပြန်မပို့သည့် စံနှုန်း (Non-refoulement Principle) ကိုလည်း လေးစားလိုက်နာ ရမည်ဖြစ်သည်။

၄။ ထိုင်းအစိုးရသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် သုံးဦးအား မြန်မာနိုင်ငံသို့ အတင်းအကြပ် ပြန်လည်ပို့ဆောင်ခြင်းနှင့် ပတ်သက်၍ လုပ်ဆောင်ချက်များကို အများပြည်သူအား ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ယင်းလုပ်ရပ်သည် နိုင်ငံတွင်းနှင့် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရရှိထားပြီး ဖြစ်ကာ ထိုင်းအစိုးရအနေဖြင့် အဆိုပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်တွင်းဥပဒေများနှင့် နိုင်ငံတကာဥပဒေများကို မချိုးဖောက်ရန် ကတိပြု ရမည် ဖြစ်သည်။

၅။ ထိုင်းနိုင်ငံအနေဖြင့် အဆိုပါ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များကို အတင်းအကြပ်ပို့ဆောင်သည့် ကိစ္စသည် ပြည်တွင်းဥပဒေနှင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်နေခြင်း ရှိ၊ မရှိကို ဆောလျင်စွာ စုံစမ်းစစ်ဆေးသင့်ပြီး ချိုးဖောက်မှု တစ်စုံတစ်ရာတွေ့ရှိပါက အဆိုပါချိုးဖောက်မှုကို ကျူးလွန်သူတို့အား ထိရောက်စွာအပြစ်ပေး အရေးယူခြင်းဖြင့် တရားမျှတမှုကို ဖော်ဆောင်ရမည်ဖြစ်သည်။

လူ့အခွင့်အရေး၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီ အတွက်

မြန်မာနိုင်ငံအခြေအနေကို စောင့်ကြည့်လေ့လာနေသည့် အရပ်ဖက်အဖွဲ့အစည်းများ ကွန်ရက်

ဧပြီလ ၁၃ ရက် ၂၀၂၃ ခုနှစ်